"အသံ"

# ဖွံ့ဖြိုးဆဲနိုင်ငံများအား ဖွံ့ဖြိုးတိုးတက်ရေးရလဒ်ကို အတူခံစားစေ




(၂၀)နိုင်ငံအုပ်စု G20ဟန်ကျိုး ထိပ်သီးအစည်းအဝေးသည် ဖွံ့ဖြိုးဆဲနိုင်ငံများက အများဆုံးပါဝင်မည့် G20 ထိပ်သီးအစည်းအဝေးတစ်ရပ်ဖြစ်ကြောင်း သက်ဆိုင်ရာ သတင်းအချက်အလက် အမျိုးမျိုးအရဖော်ပြထားသည်။ ချဒ်၊ အီဂျစ်၊ ကာဇက်စ္စတန်၊ လာအို၊ ဆီနီဂေါ၊ ထိုင်းစသည့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ခေါင်းဆောင်တို့က ယင်းအစည်းအဝေးသို့ ပါဝင်တက်ရောက်ကြမည်ဖြစ်သည်။ ၄င်းတို့မှာ အာဖရိကသမဂ္ဂ၊ အာဖရိကဖွံ့ဖြိုးတိုးတက်ရေး အဖော်သစ်စီမံကိန်းအုပ်စု၊ အာဆီယံနှင့်(၇၇)နိုင်ငံအုပ်စု စသည့်ဖွံ့ဖြိုးဆဲနိုင်ငံအုပ်စုများကို ကိုယ်စားပြု၍ ပါဝင်ခြင်းဖြစ်သည်။ ယင်းသည် ယခုအကြိမ် G20ထိပ်သီးအစည်းအဝေးတွင် ယခင်ကမရှိစဖူးသော "ဖွံ့ဖြိုးတိုးတက်ရေး"အငွေ့အသက်များဖြင့် ဖြိုးဝေလျက်ရှိနေသည်။

ကျွန်တော်တို့သည် ယင်း "ဖွံ့ဖြိုးတိုးတက်မှု" အငွေ့အသက်ကြားမှ မည်သည့် အငွေ့အသက်ခံစားနိုင်မည်နည်း။ G20အတွက်ပြောလျှင် ၂၀၁၆ ခုနှစ်မှာ ကုလသမဂ္ဂမှ ပြဋ္ဌာန်းထားသော "၂၀၃၀ ပြည့် နှစ်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆွေးနွေးရန် အစီအစဉ်"ကို လက်တွေ့ဖော်ဆောင်ရန် စတင်သည့်နှစ်ဖြစ်သည်။ "၂၀၃၀ ပြည့် နှစ်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်လက်တွေ့ဖော်ဆောင်ရန် စီမံကိန်း"ကို ပြဋ္ဌာန်းပြီး အကောင်အထည်ဖော်ဆောင်နိုင်ခြင်းမှာ ယခုနှစ်ဟန်ကျိုး ထိပ်သီးအစည်းအဝေး၏ အဓိကမျှော်မှန်းထားသော ရလဒ်တစ်ရပ်ဖြစ်သည်။ သို့ဖြစ်၍ G20ထိပ်သီးအစည်းအဝေးသို့ ပိုမိုများပြားသော ဖွံ့ဖြိုးဆဲနိုင်ငံများပါဝင်တက်ရောက်ရန်လိုအပ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ၏ပြောရေးဆိုခွင့်ကို ထင်ဟပ်ပြသခြင်းလည်းဖြစ်သည်။ ကမ္ဘာ့အကြီးဆုံးသောဖွံ့ဖြိုးဆဲနိုင်ငံအဖြစ် တရုတ်နိုင်ငံသည်ယခုနှစ် G20ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် နိုင်ငံဖြစ်သည်။ ယင်းသည် တရုတ် အတွေ့အကြုံများကို ကမ္ဘာ့စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်အတွင်း ပိုမိုအားပါထိရောက်စွာ ပါဝင်စေနိုင်မည်ဖြစ်သည်။

၂၀၁၆ ခုနှစ်သည် တရုတ်နိုင်ငံမှ "(၁၃)ခုမြောက် (၅)နှစ်စီမံကိန်း" ကို စတင်ဖော်ဆောင်သည့် နှစ်ဖြစ်သည်။ ယခုနှစ် G20ထိပ်သီးအစည်းအဝေး၏ ဦးတည်ချက်ဆောင်ပုဒ်မှာ "တီထွင်ဆန်းသစ်သော၊ လန်းဆန်းတက်ကြွသော၊ ကူးလူးဆက်နွှယ်သော၊ အားလုံးပါဝင်သော ကမ္ဘာ့စီးပွားရေးဆီသို့" ဖြစ်ပေသည်။ ယင်းမှာ တရုတ်နိုင်ငံ၏ "ဆန်းသစ်တီထွင်မှု၊ သဟဇာတရှိမှု၊ အစိမ်းရောင်၊ တံခါးဖွင့်မှု၊ တန်းတူရည်တူအခွင့်အရေးခံစားမှု"ဟူသော ဖွံ့ဖြိုးတိုးတက်ရေး အတွေးအခေါ်သစ်နှင့်လည်း အပြန်အလှန်ချိတ်ဆက်၊ အပြန်အလှန်ဆက်နွှယ်နေပြီး အပြန်အလှန်မှီငြမ်းပြုနိုင်သည်။

သို့ဖြစ်၍ G20၏ ဦးတည်ချက်ဆောင်ပုဒ်နှင့် တရုတ်အတွေ့အကြုံတို့သည် ကမ္ဘာ့စီမံခန့်ခွဲရေးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းအတွက် မည်သို့ပင်လမ်းညွှန်ပေးနိုင်မည်နည်း။

စာရေးသူသည် အောက်ပါ(၄)ချက်ရှိသည်ဟုယူဆထားသည်-

ဆန်းသစ်တီထွင်မှုဖြင့် ဖွံ့ဖြိုးတိုးတက်ခြင်းသည် ဆန်းသစ်တီထွင်မှုကို စီးပွားရေးတိုးတက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ တောင့်တင်းကြီးမားသော မောင်းနှင်အားအဖြစ် ထားခြင်းဖြစ်သည်။ အလုပ်၊ အရင်း၊ အရင်းအမြစ်၊ ဆန်းသစ်တီထွင်မှုဟူသော စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အရေးပါသည့်အကြောင်းအချက် (၄)ရပ်အနက် ဆန်းသစ်တီထွင်မှုကို ဖွံ့ဖြိုးဆဲနိုင်ငံများအပါအဝင် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ မောင်းနှင်အားအဖြစ်ထားမှသာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်နိုင်မည်ဖြစ်သည်။

အားလုံးပါဝင်၍ဖွံ့ဖြိုးတိုးတက်ခြင်းသည် ဖွံ့ဖြိုးတိုးတက်မှု၏ ရလဒ်ကို လူသားအားလုံးအတွက် အကျိုးခံစားစေရန်ဖြစ်သည်။ "၂၀၃၀ ပြည့်နှစ်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆွေးနွေးရန်အစီအစဉ်"တွင်"မည်သည့်တစ်ဦးတစ်ယောက်ကိုမျှ နောက်မကျစေရ" ဟူသည်မှာ တည်ကြည်သော ကတိပြုချက်ဖြစ်သည်။ ယင်းကတိပြုချက်ကို မည်သို့ပင် အကောင်အထည်ဖော်ဆောင်သည်မှာ G20၏ အရေးပါသော တာဝန်ဝတ္တရားဖြစ်သည်။

တံခါးဖွင့်၍ဖွံ့ဖြိုးတိုးတက်ခြင်းသည် ဖွံ့ဖြိုးတိုးတက်ရေးဖြစ်စဉ်အား တစ်ကမ္ဘာလုံးနှင့်ချိတ်ဆက်စေရန်ဖြစ်သည်။ ယနေ့ကာလတွင် ကမ္ဘာ့နိုင်ငံအသီးသီးတို့သည် ကမ္ဘာ့တန်ဖိုးချိန်းကြိုးဖြင့် ပိုမိုကျစ်လျစ်စွာ ချိတ်ဆက်ထားပြီးဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ဖွံ့ဖြိုးပြီးနိုင်ငံများအပါအဝင် ကမ္ဘာ့စီးပွားရေးတိုးတက်မှု၏ သော့ချက်ပါသော အကြောင်းအချက်ဖြစ်သည်။ ထို့ကြောင့် G20 ဟန်ကျိုးထိပ်သီးအစည်းအဝေးသည် "အာဖရိကတိုက်နှင့်ဖွံ့ဖြိုးနည်းနိုင်ငံများကိုထောက်ခံ၍ စက်မှုထွန်းကားရန် ပူးပေါင်းဆောင်ရွက်ရေး တိုက်တွန်းချက်" ကို အဓိကမျှော်မှန်းချက်တစ်ရပ်အဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။ လက်တွေ့ကျသောမူဝါဒများဖြင့် တံခါးဖွင့် ဖွံ့ဖြိုးတိုးတက်သော အတွေးအခေါ်ကို ဖော်ဆောင်ခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။

တန်းတူရည်တူအခွင့်အရေးခံစား၍ဖွံ့ဖြိုးတိုးတက်ခြင်းသည် ဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေးကို နိုင်ငံတိုင်းထံသို့ မျှဝေပေးရန်ဖြစ်သည်။ ယခင်က ကုန်ထုတ်လုပ်ငန်းတော်လှန်ရေးမှ ပါလာခဲ့သည့် ဖွံ့ဖြိုးတိုးတက်မှု အခွင့်အရေးများကို အများအားဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများက လက်ဝါကြီးအုပ်ခဲ့ပြီးဖြစ်သည်။ ထွန်းကားနေဆဲဖြစ်သည့်စက်မှုလုပ်ငန်းတော်လှန်ရေးသစ်မှာမူ ကုန်ထုတ်လုပ်ငန်းထွန်းကားစကာလတွင် အင်တာနက်စသည်တို့ဖြင့် အခွင့်အရေးများကို ကမ္ဘာ့အနှံ့သို့ မျှဝေပေးခဲ့ပြီးဖြစ်သည်။ နိုင်ငံအသီးသီးတို့ကို တန်းတူရည်တူ အခွင့်အရေးရရှိစေမှသာ တစ်ကမ္ဘာလုံး၏ဖွံ့ဖြိုးတိုးတက်ရေးအား တကယ့်ကိုစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေနိုင်မည်ဖြစ်သည်။

ယနေ့ကာလတွင် G20 သည် အကျပ်အတည်းများတုံ့ပြန်ရင်ဆိုင်ခြင်းမှ ရေရှည်စီမံခန့်ခွဲရေးစနစ်သို့ ကူးပြောင်းသည့်အရေးပါသောအချိန်အခါသို့ ရောက်ရှိလာပြီဖြစ်သည်။ တရုတ်နိုင်ငံ၏ တက်ကြွသောတိုက်တွန်းမှု၊ အဖက်ဖက်တို့၏ လက်တွဲကြိုးစားမှုအောက်တွင် G20 ထိပ်သီးအစည်းအဝေးသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပြောရေးဆိုခွင့်များကို ပိုမိုထင်ဟပ်ပြသစေနိုင်မည်၊ ဖွံ့ဖြိုးဆဲနိုင်ငံများအား ဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေးကို တန်းတူရည်တူ ခံစားစေနိုင်မည်ဟုယုံကြည်ပါသည်။

သတင်းဆောင်းပါး - ကျာကျင့်ကျင်း

# တရုတ်-မြန်မာနှစ်နိုင်ငံတို့သည် စိုက်ပျိုးရေးဆိုင်ရာနည်းပညာတိုးတက်မှုနှင့်စပ်လျဉ်း၍ နှီးနှောဖလှယ်

တရုတ်-မြန်မာ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်မှုနှင့် ဖလှယ်မှုကို တိုးမြှင့်ရန် ပထမအကြိမ် တရုတ်တယ်ဟုန် ဆန်းသစ်တီထွင်မှု မောင်းနှင်ရန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ကျင်းပစဉ်ကာလအတွင်း တယ်ဟုန်ပြည်နယ်ခွဲ စိုက်ပျိုးရေးဌာနသည် တရုတ်အင်ဂျင်နီယာ အကယ်ဒမီပညာရှင်၊ တရုတ်တောင်ပိုင်း စိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခလော်ရှီးဝမ်နှင့် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနစသည့် တာဝန်ရှိသူများကို ဖိတ်ကြား၍ တရုတ်-မြန်မာစိုက်ပျိုးရေးနည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှီးနှောဖလှယ်ပွဲကျင်းပခဲ့ကြောင်း တယ်ဟုန်ပြည်နယ်ခွဲစိုက်ပျိုးရေးဌာနမှ သိရှိရသည်။




နှီးနှောဖလှယ်ပွဲတွင် မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်သူများသည် လယ်ယာသုံးစက်ကိရိယာများအတွက် ဦးစားပေးပေါ်လစီ၊ ဝယ်ယူရန်လုပ်ထုံးလုပ်နည်း၊ ထွန်ယက်စိုက်ပျိုးရန်နည်းပညာ၊ စပါးစိုက်ပျိုးနည်း၊ တရုတ်နိုင်ငံ၏ စိုက်ပျိုးရေးဆိုင်ရာသုတေသနပုံစံ စသည့်ဘက်မှနေ၍မေးမြန်းခဲ့ကြသည်။ ပညာရှင်လော်ရှီးဝမ်က တရုတ်စိုက်ပျိုးရေးနှင့် လယ်ယာကဏ္ဍစက်မှုထွန်းကားရေးဆိုင်ရာ တိုးတက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းဖြေကြားခဲ့သည်။ ကာကွယ်ထိန်းသိမ်းရန်နည်းလမ်းများဖြင့် ထွန်ယက်စိုက်ပျိုးခြင်း၊ ရေဆင်းလယ်ကွက်အား လေဆာရောင်ခြည်ဖြင့်မြေညှိခြင်း၊ စပါးပျိုးပင်များကို အပေါက်ဖောက်၍ သေသပ်စွာစိုက်ပျိုးခြင်း၊ စိုက်ပျိုးရေးအာဟာရဓာတ်ဆိုင်ရာသတင်းအချက်အလက်များစုဆောင်းခြင်း၊ သီးနှံအာဟာရဓာတ်ဆိုင်ရာ သတင်းအချက်အလက်များ လျင်မြန်စွာရယူခြင်း၊ ရေနှင့်မြေဩဇာကို တပေါင်းတစည်းဖြည့်လောင်းရန် နည်းပညာစသည့်ဘက်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံဘက်မှ ပါဝင်တက်ရောက်သူများအတွက် နည်းပညာအရ ရှင်းလင်းဖလှယ်ပေးခဲ့သည်။

မြန်မာနိုင်ငံဘက်မှ ပါဝင်သက်ရောက်သူများသည် မြန်မာနိုင်ငံ၏ ဆန်စပါး၊ ပဲ၊ ဆီထွက်သီးနှံ၊ ဝါဂွမ်း၊ ကြံ၊ ဂုန်လျှော်၊ ရော်ဘာနှင့်ဆီအုန်း စသည့်သီးနှံစိုက်ပျိုးရေးအခြေအနေ၊ စိုက်ပျိုးရေးဆိုင်ရာလူချွန်လူကောင်း၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာသုတေသနပြုမှုစသည့်အခြေအနေများကို မိတ်ဆက်ခဲ့သည်။ ယခုအကြိမ်နှီးနှောဖလှယ်ပွဲကျင်းပခြင်းအားဖြင့် တရုတ်-မြန်မာ နှစ်နိုင်ငံတို့မှ စိုက်ပျိုးရေးဆိုင်ရာနည်းပညာဖွံ့ဖြိုးတိုးတက်ရေးဘက်မှနေ၍ အပြန်အလှန်သိရှိနားလည်စေပြီး ရှေ့ဆက်လက်၍ ဆောင်ရွက်မည့် နယ်စပ်ဖြတ်ကျော်စိုက်ပျိုးရေးဆိုင်ရာ သိပ္ပံနည်းပညာပူးပေါင်းဖလှယ်ရေး၊ နည်းပညာဆန်းသစ်တီထွင်မှုတိုးမြှင့်ရေးအတွက် ကောင်းမွန်သောအခြေခံအုတ်မြစ်ချမှတ်နိုင်ခဲ့သည်။

သတင်းထောက် - ဝမ်ယူရွှေ့
ဓာတ်ပုံတစ်ပုံ။